## ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်အတွက် အဆိုပြုထားသည့် အမြတ်ဝေစု ၊ အမြတ်ဝေစုခံစားခွင့်ရရှိမည့် အစုရှယ်ယာရှင်များကို အတည်ပြုမည့်ရက်နှင့် အမြတ်ဝေစု ခံစားခွင့်မရှိသော အစုရှယ်ယာဝယ်ယူသည့်ရက်တို့အား အသိပေးကြေညာခြင်း

တီအမ်အိတ်ချ်တယ်လီကွန်းကုမ္ပဏီလီမိတက်၏ ဒါရိုက်တာအဖွဲ့မှ ထုတ်ပြန်ကြေညာသည်မှာ ၂၀၁၈ ခုနှစ်၊ ဇွန်လ (၂၇) ရက်နေ့တွင် ကျင်းပသည့် ဒါရိုက်တာအဖွဲ့အစည်းအဝေးအတည်ပြုချက်အရ ၂၀၁၈ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့တွင် ကုန်ဆုံးသည့် ဘဏ္ဍာနှစ်အတွက် အဆိုပြုအမြတ်ဝေစုပမာဏကို သာမာန်အစုရှယ်ယာ (၁) စုလျှင် (၂၀၀) ကျပ်နှုန်းခွဲဝေပေးရန် ဆုံးဖြတ်ခဲ့ကြောင်း အသိပေးကြေညာအပ်ပါသည်။ ယင်းအဆိုပြုထားသည့် အမြတ်ဝေစုပမာဏကို ၂၀၁၈ ခုနှစ်၊ သြဂုတ်လ (၅) ရက်နေ့တွင် ကျင်းပပြုလုပ်မည့် (၂၀၁၇-၂၀၁၈) ဘဏ္ဍာနှစ်၊ ဒုတိယအကြိမ်နှစ်ပတ်လည် အထွေထွေအစည်းအဝေးတွင် အစုရှယ်ယာရှင်များ၏ အတည်ပြုချက်ဖြင့် ခွဲဝေပေးမည်ဖြစ်ပါသည်။

တီအမ်အိတ်ချ်တယ်လီကွန်းကုမ္ပဏီလီမိတက်အနေဖြင့် အဆိုပါ အမြတ်ဝေစုခံစားခွင့်ရှိသည့် အစုရှယ်ယာရှင်များကို ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ (၁၂) ရက်နေ့ (**အမြတ်ဝေစုခံစားခွင့်ရရှိမည့် အစုရှယ်ယာရှင်များအဖြစ် အတည်ပြုမည့်ရက် - Record Day**) တွင်ရှိသော အစုရှယ်ယာရှင်စာရင်းအရ သတ်မှတ်သွားမည်ဖြစ်ပြီး အစုရှယ်ယာရှင်များမှ အတည်ပြုပြီးသော အမြတ်ဝေစုပမာဏ၊ အဆိုပါ အမြတ်ဝေစုခွဲဝေပေးမည်နေ့ရက်နှင့် အစီအစဉ်ကို ဒုတိယအကြိမ် နှစ်ပတ်လည်အထွေထွေအစည်းအဝေးအပြီးတွင် အသိပေးကြေညာသွားမည် ဖြစ်ပါသည်။ အစုရှယ်ယာရှင်များအနေဖြင့် Record Day အား ပိုမိုသိရှိလိုပါက ဖော်ပြပါလင့်တွင် ဖတ်ရှုနိုင်ပါသည် -

https://ysx-mm.com/notice/notice-27062016_01/

အစုရှယ်ယာရှင်များသိရှိနိုင်ရန် ၂၀၁၈ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင် ကုန်ဆုံးသည့် ဘဏ္ဍာနှစ်အတွက် အဆိုပြုထားသည့် အမြတ်ဝေစု၊ အမြတ်ဝေစုခံစားခွင့်ရရှိမည့် အစုရှယ်ယာရှင်များကို အတည်ပြုမည့်ရက်များကို ဖော်ပြအပ်ပါသည်။

| **အကြောင်းအရာ** | **အတည်ပြုနေ့ရက်များ** |
|---|---|
| နှစ်ပတ်လည်အထွေထွေအစည်းအဝေးကျင်းပမည့်ရက် (AGM Day) | ၂၀၁၈ ခုနှစ်၊ သြဂုတ်လ (၅) ရက် |
| အမြတ်ဝေစုခံစားခွင့်ရရှိရန်နောက်ဆုံးဝယ်ယူရမည့်နေ့ (Last Day to Trade) | ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ (၉) ရက် |
| အမြတ်ဝေစုခံစားခွင့်မရရှိသော အစုရှယ်ယာဝယ်ယူသည့်နေ့ (Ex-Day) | ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ (၁၀) ရက် |
| အမြတ်ဝေစုခံစားခွင့်ရရှိမည့်အစုရှယ်ယာရှင်အဖြစ်အတည်ပြုမည့်ရက် (Record Day) | ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ (၁၂) ရက် |
| အစုရှယ်ယာ (၁) စုအတွက် အမြတ်ဝေစုပမာဏ | ၂၀၀ ကျပ် |

ဒါရိုက်တာအဖွဲ့၏ အမိန့်အရ

ဦးသီဟလွင်
အုပ်ချုပ်မှုဒါရိုက်တာ
၂၀၁၈ ခုနှစ် ၊ ဇွန်လ (၂၈)ရက်။

Address : No. 54, Eastern Business Centre, Level 4&5, Lay Daung Kan Road, Thingangyun T/S, Yangon, Myanmar

Phone : +951 8550348, +951 8550936

Website: www.tmhtelecom.com